ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

ဝမ်ကာန် ကျေးရွာ၊ မယ်စဲ့ ကျေးရွာအုပ်စု၊ မယ်စဲ့ မြို့နယ်

# မာတိကာ

၁။ မယ်စဲ့ မြို့နယ်မြေပုံ

၂။ ဝမ်ကန် ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မယ်စဲ့ မြို့နယ်မြေပုံ



မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်ရေပေးရေးအခြေပြမြေပုံ
ရည်ညွှန်းချက်
စိမ့်စမ်း ( ၁၂ ) ခု
အခြား ( ၃ ) ခု
ကျေးရွာချင်းဆက်လမ်းများ
မြို့နယ်နမိတ်
5 0 5 10 15 20 km

## ၂။ ဝမ်ကန် ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဟိုစဲ့ | ၃၃၇ | ၈၇၂ | ၇၆၆ | ၁၆၃၈ |
| ၂ | ပန်တိန်း | ၄၄၄ | ၈၄၉ | ၈၁၆ | ၁၆၆၅ |
| ၃ | ဝမ်ကန် | ၈၄ | ၁၈၄ | ၁၉၆ | ၃၈၀ |
| | စုစုပေါင်း | ၈၆၅ | ၁၉၀၅ | ၁၇၇၈ | ၃၆၈၃ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုစဲ့ကျေးရွာအုပ်စု ၊ ဝမ်ကန်ကျေးရွာသည် မယ်စဲ့မြို့မှ ဘီဘီ(၁၃)သို့ သွားလမ်းဘေးတွင် တည်ရှိပါသည်။ မယ်စဲ့မြို့ အရှေ့ဘက် (၅)မိုင် ခန့် တွင် တည်ရှိသည်။ အိမ်ခြေ (၈၄)အိမ်နှင့် အိမ်ထောင်စု(၈၄)စု ရှိပြီး အမျိုးသား အိမ်ထောင်ဦးစီး (၇၃)ဦး နှင့် အမျိုးသမီး အိမ်ထောင်ဦးစီး (၁၁)ဦး ရှိပါသည်။ ကရင်လူမျိုး၊ ရှမ်းလူမျိုးနှင့်လူမျိုးရော များ စုပေါင်းနေထိုင်ကြသည်။ ကရင်လူမျိုး အိမ်ထောင်စု (၁၁)စု၊ ရှမ်းလူမျိုး(၅၃)စုနှင့် လူမျိုးရော အိမ်ထောင်စု (၅)စု ရှိပြီး ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာတို့ကို အသီးသီး သက်ဝင်ယုံကြည် ကိုးကွယ် ကြသည်။ အဓိက အသက်မွေးဝမ်းကြောင်းအဖြစ် တောင်ယာလုပ်ငန်းကို လုပ်ကိုင် ကြသည်။ နှမ်း၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၁၆ | ၃၈ | ၅၄ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




ဝမ်ကန်ကျေးရွာတွင် အိမ်ခြေ (၈၄) အိမ် ရှိပြီး အိမ်ထောင်စု(၈၄)စု နေထိုင်ကြ ပါသည်။ အမျိုးသားအိမ်ထောင်ဦးစီး (၇၃)ဦး နှင့် အမျိုးသမီး အိမ်ထောင်ဦးစီး(၁၁)ဦး ရှိပါသည်။ ကရင်၊ ရှမ်းနှင့် လူမျိုးရောများ စုပေါင်းနေထိုင် ကြပါသည်။ ကရင်လူမျိုးများသည် ခရစ်ယာန် ဘာသာကို ကိုးကွယ်ကြပြီး၊ ရှမ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြ ပါသည်။ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး နှမ်း၊ စပါး၊ ကြက်သွန်ဖြူတို့ကို စိုက်ပျိုးကြသည်။ ဝမ်ကန်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းကို လယ်၊ တောင်ယာနှင့် ကျပန်းအလုပ်တို့ဖြင် လုပ်ကိုင်ရှာဖွေ စားသောက်ကြပါသည်။ တပိုင်တနိုင်မွေးမြူရေး အဖြစ် ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကို မွေးမြူကြပါသည်။ တောင်ယာတွင် နှမ်း၊ ငရုတ်၊ ပဲပုတ်တို့ကို စိုက်ပျိုးကြပြီး လယ်ယာတွင်မိုးအခါ၌ စပါး၊ ကြက်သွန်ဖြူ ပဲပုတ်တို့ကို စိုက်ပျိုး ကြပြီး နွေအခါတွင် အချို့ရေရရှိသော နေရာများတွင် ရေသွင်း စိုက်ပျိုးကြသည်။ အရင်းမြစ်များဖြစ်သော ရေ၊ မြေ၊ ချောင်းသဲ၊ သစ်ပင်၊ ဝါးတို့ကို ရရှိနိုင်ပါသည်။ ရှမ်း၊ ကရင်လူမျိုးစု အများဆုံး နေထိုင်ပြီး ကယန်း၊ ကယား၊ ဗမာ၊ ကချင်၊ မနော၊ လူမျိုးရော အနည်းငယ်တို့လည်း နေထိုင်ကြသည်။ လူမျိုး၊ ဘာသာမခွဲခြားဘဲ နေထိုင်ကြပါသည်။ ပြင်ပသို့ ပြောင်းရွှေ့နေထိုင်သူ မရှိကြပါ။ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ (RC)ဘုရားရှိခိုးကျောင်း တစ်ကျောင်း နှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိပါသည်။ ပျဉ်ထောင်အိမ်၊ ဝါးအိမ်၊ တိုက်အိမ် များဖြင့် ဆောက်လုပ်နေထိုင်ကြပါသည်။ စိုက်ပျိုးရေးရုံး နှင့် ဇေညီနောင် ကုမ္ပဏီတို့ လည်းတည်ရှိပါသည်။

## (ခ) ဥစ္စာခနေကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း





ဝမ်ကန်ရွာ — ဥစ္စာခနေကြွယ်ဝမှုဇယား — 5.2.17

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ တိုက်အိမ်၊ ဆိုင်ကယ်၊ ထော်လာဂျီစက်၊ နွားများ၊ ကျွဲများ၊ တောင်ယာ/လယ်များ၊ ဈေးဆိုင်များ၊ ရွှေ၊ ငွေ၊ ဆန်စက်၊ လယ်ထွန်စက် | ၇ | ၉.၄၆% |
| အလယ်အလတ် | ဆိုင်ကယ်၊ ပျဉ်ထောင်၊ ထရံအိမ်၊ တောင်ယာ၊ နွား၊ ကျွဲ၊ လယ်၊ ဝက်၊ ကြက်၊ ဆန်စက် | ၄၇ | ၆၃.၅၁% |
| ဆင်းရဲ | ထရံအိမ်၊ ဝက်၊ ကြက်၊ တောင်ယာ | ၂၀ | ၂၇.၀၂% |
| | စုစုပေါင်း | ၇၄ | ၁၀၀% |

ဝမ်ကန်ကျေးရွာတွင် ဉစ္စာခနေ ကြွယ်ဝမှုပြဇယားအရ ချမ်းသာ အုပ်စု၊ အလယ်အလတ် အုပ်စုနှင့် ဆင်းရဲအုပ်စု သုံးမျိုးရှိပါသည်။ ချမ်းသာ အုပ်စုတွင် အိမ်ထောင်စု (၇)အိမ် ရှိပြီး ကား၊ တိုက် အိမ်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျွဲ၊ နွား၊ လယ်ထွန်စက်များကို ပိုင်ဆိုင်ကြပါသည်။ လယ်ယာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ အိမ်ထောင်စု(၄၇)အိမ် ရှိသော အလယ်အလတ်အုပ်စု အားဖြင့် ပျဉ်ထောင်အိမ်၊ ဝါးထရံကာအိမ်၊ ဆိုင်ကယ်၊ တောင်ယာ၊ လယ်အနည်းငယ်၊ ကျွဲ၊ နွား၊ ကြက်၊ ဝက် နှင့် အချို့သောအိမ်မှာ ဆန်စက်တို့ကို ပိုင်ဆိုင်ကြပါသည်။ စားဝတ်နေရေး နှင့် ကလေးများအား ပညာသင်ကြားရာ ထောက်ပံ့မှု လုံလောက်ကြသည်။ ဆင်းရဲအုပ်စုတွင် အိမ်ခြေ (၃၀) အိမ် ရှိပါသည်။ တောင်ယာ စိုက်ပျိုးခြင်း လုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ဝါးထရံကာ ၊ ဖက်မိုးအိမ် တို့ဖြင့် ဆောက်လုပ် နေထိုင်ကြပါသည်။ ကြက်၊ ဝက် တို့ကိုအိမ်တွင် မွေးမြူကြသည်။ စားဝတ်နေရေး အဆင်ပြေစေရန် ကြုံရာ ကျပန်းလုပ်ကိုင်ပြီးလည်း ဖြေရှင်း ကြရသည်။


## (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများ ထိန်းချုပ်သော အရင်းအမြစ်များမှာ ကျောက်၊ သဲ၊ ရေ၊ မီး၊ ဘုန်းကြီးကျောင်း၊ လမ်းတို့ ဖြစ်ကြသည်။ အမျိုးသမီးများ ထိန်းချုပ်မှုမှာ အပ်ချုပ်စက် ဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားများထိန်းချုပ်သော အရင်းအမြစ်များမှာ စာသင် ကျောင်း၊ ဆေးပေးခန်း၊ တောင်ယာ၊ လယ် တို့ဖြစ်ကြသည်။

## (ယ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)




ဝမ်ကန်ကျေးရွာတွင် ပင့်ကူအိမ် သုံးသပ်ချက်အရ အလုပ်ကိုင် အခွင့်အလမ်းတွင် တန်းတူ ညီမျှမှု ရှိသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အားသာသည်။ ပညာ သင်ကြားရန် စရိတ် အခက်အခဲ ကြုံလာပါက အမျိုးသားများသည် ဝင်ငွေရရှိသော ပြင်ပ အလုပ် ကိုသာ ဦးစားပေး လုပ်ကိုင် ကြရသည်။ ကျန်းမာရေး အသိပညာ ရရှိမှုတွင်လည်း အမျိုးသမီး များ က ပို၍အားသာ မှုရှိပါသည်။ ဝင်ငွေရရှိမှုနှင့် အိမ်မှု ကိစ္စရပ်များတွင် အမျိုးသား များက ဝင်ငွေ ရရှိ ရန် ဦးစားပေး ရှာကြပြီး အမျိုးသမီးများက အိမ်မှုကိစ္စများကို ပိုမိုလုပ်ကိုင် ကြပါသည်။ စီမံခန့်ခွဲမှုကို အမျိုးသားများကို ရာနှုန်းပြည့် အခွင့် ပေးထားပြီး အချို့သော အရာများတွင် အမျိုးသမီးများ ကိုယ်တိုင် ပါဝင်၍ စီမံခန့်ခွဲမှုကို ပြုကြသည်။ ပိုင်ဆိုင်မှု နှင့် ဝင်ငွေရရှိမှု တွင်လည်း အမျိုးသားများ က ပို၍ အားသာမှု ရှိပါသည်။ ဦးဆောင်မှု အပိုင်းတွင် အမျိုးသား၊ အမျိုးသမီး အတူတကွ ပါဝင် ဦးဆောင်ကြပြီး အမျိုးသားများက ပို၍ အနည်းငယ် ဦးစီးဦးဆောင်မှု ပြုကြပါသည်။

## (င) ရာသီခွင်ပြဇယား




ဝမ်ကန်ကျေးရွာတွင် ရာသီခွင်ပြဇယားအရ ရာသီဥတု အနေအထားမှာ ပုံမှန်ရှိပြီး ဖွန်လတွင် မိုးစတင် ရွာသွန်းပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ပိုမို ရွာသွန်းသည်။ အဓိက စိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး စပါး၊ နှမ်း၊ ပဲပုတ်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးတို့ကို စိုက်ပျိုးကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ဈေးဆိုင်များရှိပြီး ရောင်းဝယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အဆင်မပြေသော အိမ်ထောင်စုများတွင် နေ့စာအလုပ်၊ ကျိုးရာကျပန်းအလုပ်တို့ကို လုပ်ကိုင်ကြရသည်။ လုပ်ငန်းကို လုပ်ဆောင်ကြရာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခ တန်းတူ ရရှိကြသည်။ သို့သော် ပင်ပန်းမှုဒဏ်ကို အမျိုးသားများသာ ပိုမိုခံနိုင်ရည် ရှိကြပြီး လုပ်ကိုင် ကြသောကြောင့် ဝင်ငွေ ပိုမို ရရှိကြသည်။ မတ်၊ ဧပြီ၊ စက်တင်ဘာ၊ နိုဝင်ဘာလများတွင် ဝင်ငွေ ကောင်းမွန် ကြသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဖွန်၊ ဇူလိုင်၊ စက်တင်ဘာ၊ အောက်တိုဘာလ များတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ငန်းခွင် အတွင်းသွားရောက် ညအိပ်၍ လုပ်ကိုင်ကြရသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သွားလာရ အဆင်ပြေသည်။ မတ်၊ ဧပြီ၊ မေ လများတွင် သောက်သုံးရေ ရှားပါးမှုရှိပြီး ကျန်လများတွင် ပေါများ ဖူလုံပါသည်။ အိမ်ထောင်စု အများစုမှာ ဧပြီလတွင် စားရေး ဖူလုံမှု ခက်ခဲမှုရှိပြီး ကျန်သော လများတွင် သာမန် ဖူလုံမှု ရှိကြပါသည်။ ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲတော်၊ ဖေဖော်ဝါရီလတွင် ထမနဲထိုးခြင်းပြိုင်ပွဲ၊ ဧပြီလတွင် သင်္ကြန် ပွဲတော်များ ပြုလုပ်ကျင်းပလေ့ ရှိပါသည်။ ကျန်းမာရေး အခြေအနေတွင်လည်း ဖွန်၊ဇူလိုင်လ တို့တွင် ဝမ်းပျက် ဝမ်းလျှောများ အဖြစ် များတတ်သည်။ ဩဂုတ်၊ စက်တင်ဘာ များတွင်လည်း ငှက်ဖျား ရောဂါအဖြစ် များကြသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




ဝမ်ကန် ကျေးရွာ တွင် ဗင်းပုံစံ ချိတ်ဆက်မှုပြဖယားအရ  ဒုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ Pact Myanmar ၊   ကျန်းမာရေး အဖွဲ့အစည်း၊ မိခင်ခေါင်းဆောင်၊ CHDN၊ SCI ၊ KNWO၊ KNGY၊ SCO၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်တင်ရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့ နှင့် နတလ တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းကို ဆောင်ရွက်မှုပြုကြသည်။ ထိုသို့ ဖွံ့ဖြိုးရေး လုပ်ငန်းကို ဆောင်ရွက်မှုပြုရာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဦးစွာ ချိတ်ဆက်မှုရှိ ကြပြီး လူထုနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်ကြပါသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ





ဝမ်ကန်ကျေးရွာတွင် နွေရာသီတွင် ရေထွက်ပင်ရင်း နည်းပါးလာခြင်းကြောင့် သောက်သုံးရေ မလုံလောက်သော အခက်အခဲများ ရှိပါသည်။ ရေထွက်ပင်ရင်သည် လူသွားလမ်းနှင့် နီးသဖြင့် သန့်ရှင်းမှု နည်းပါခြင်း၊ ရေလှောင်ကန် ပျက်စီးယိုယွင်းမှုကြောင့် ရေစုရန် အခက်အခဲရှိပါသည်။ အလုပ်အကိုင် အကိုင်အခွင့်လမ်း ရှားပါးခြင်းကြောင့် ဝင်ငွေ ရရှိမှု နည်းပါးကြပြီး စားဝတ်နေရေး အခက်အခဲများလည်း ရှိကြပါသည်။ စာကြည့်တိုက် မရှိခြင်းကြောင့် ရှိသင့်ရှိထိုက်သော ဗဟုသုတ များ မရှိခြင်း၊ သတင်း အချက်အလက်များအား မသိရခြင်းတို့ကြောင့် အသိပညာ ဗဟုသုတတို့ များစွာ အားနည်းမှုရှိကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းမရှိ၍ (၃)မိုင်ကွာဝေးသော မယ်စဲ့မြို့ရှိ ကျောင်းသို့ ကျောင်းသူ၊ ကျောင်းသားများ ခြေလျင်သွားရသော အခက်အခဲများ ရှိပါသည်။ အစည်းဝေးပြုလုပ်ရာတွင် ခန်းမဆောင် မရှိသည့်အတွက် အခက်အခဲ ရှိခြင်းနှင့် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုသင်တန်းများ နွေရာသီတွင် လာရောက် သင်ကြားရာတွင် နစ်စဉ်နေရာ အခက်အခဲများ ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဈေးကွက်မရှိသဖြင့် အရောင်းအဝယ် အဆင်မပြေခြင်း ၊ ဝင်ငွေ ကြပ်တည်းခြင်း အခက်အခဲများရှိခြင်းကြောင့် မိသားစုများ စားဝတ်နေရေး အခက်များကြုံတွေ့နေရပါသည်။ လုပ်သမျှ အကျိုးအမြတ်နည်းပါးပြီး ပင်ပန်းကြရပါသည်။ မိသားစုစားဝတ်နေရေး အခက်ကြုံရ၍ အမျိုးသားများသည် စိတ်လေလွင့် ကြပြီး သောက်စားမူးယစ်ခြင်းကြောင့် မိသားစုပြဿနာများလည်း ကြုံတွေ့ရပါသည်။ ဝမ်ကန်ကျေးရွာတွင် ရာသီဥတု ဖောက်ပြန်သောဒဏ်ကြောင့် လယ်ယာမြေများ ပျက်စီးမှု များလည်း ရှိ၍ စိုက်ပျိုးရန် မြေအခက်အခဲများလည်း ရှိပါသည်။ ကလေးကစားကွင်း မရှိ၍ ကလေးများ ကစားရန်အတွက် အခက်အခဲရှိပါသည်။ မိသားစုအတွက် အသုံးစရိတ်ဝင် ငွေနည်းပါးသောကြောင့် အိမ်မှုကိစ္စများဦးဆောင်မှုပြုရာတွင် အတော်အတန် အခက်အခဲများစွာကို ကြုံတွေ့ရပါသည်။


## (၈) မျှော်မှန်းချက်




ဝမ်ကန်ကျေးရွာ လူထုများသည် အဓိက ရွာတွင်းလမ်းဆက်သွယ်ရေး ကောင်းမွန် လာစေရန်အတွက် မျှော်မှန်းထားကြပါသည်။ ကျေးရွာတွင် အိမ်တိုင်း တနစ်ပတ်လုံး သောက်သုံး ရေ လုံလောက်စွာ ရရှိလာစေရန် စီမံကိန်းအပေါ် မျှော်လင့်ထားပါသည်။ လူငယ်များနှင့် ကလေး သူငယ်များ ဗဟုသုတ တိုးတတ်လာစေရန် အရည်သွေးပြည့်မှီသော စာကြည့်တိုက်လည်း ရှိစေ ချင်ကြပါသည်။ အိမ်တိုင်း လျှပ်စစ်မီးရရှိရန်နှင့် ကလေးများ အန္တရာယ်ကင်းရှင်းစွာ ကစားနိုင်ရေး အတွက် ကောင်းမွန်သော ကလေးကစားကွင်းကိုလည်း မျော်လင့်ထားကြပါသည်။ အစည်းဝေး များ၊ သင်တန်းများပြုလုပ်ရာတွင် အဆင်ပြေစေရန် ခန်းမဆောင်ကိုလည်း ရှိစေချင်ပါသည်။ အမျိုးသမီးများသည် ကျေးရွာတွင် အလုပ်အကိုင် အခွင့်လမ်းများ ရရှိလာစေပြီး အမျိုးသားများနှင့် တန်းတူလုပ်အားခ ရရှိစေချင်ကြသည်။ ကျေးရွာထွက်စိုက်ပျိုးသီနှံများ ရောင်းချရာတွင် ဈေးကွက် များကိုလည်း လိုလား ကြပါသည်။ ဤအဖွဲ့အစည်း သာမက ကျေးရွာအတွက် ဖွံ့ဖြိုးမှုကို ဆောင် ရွက်ပေးမည့် ကျန်အဖွဲ့များစွာကိုလည်း မျှော်လင့်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်း (၄)နှစ် အပြီး တွင်လည်း ကျေးရွာအမှန်တကယ်ဖွံ့ဖြိုးမှုရှိလာစေရန် ပို၍မျော်လင့်ထားပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း




ဝမ်ကန်ကျေးရွာ၌ ဦးစားပေးလုပ်ငန်းများကို မဲပေးစနစ်ဖြစ် ရွေးချယ်ပါသည်။ မဲပေးစနစ်ဖြင့် ရွေးချယ်ရာတွင် အမျိုးသမီးများ ဆွေးနွေးသော လုပ်ငန်း (၄) ခုပါဝင်ပြီး အမျိုးသားများရွေးချယ်သော လုပ်ငန်း (၃) ခုပါဝင်ပါသည်။ မဲရလာဒ်ဖြင့် ထွက်ရှိလာသော ဦးစားပေးလုပ်ငန်းများသည် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းများလည်း ဖြစ်ပါသည်။ ၎င်းဦးစားပေးလုပ်ငန်းများအတိုင်း လုပ်ငန်းများ အကောင်အထည်ဖော်ရန် အားလုံးသဘောတူ ကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ



### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးအောင်မြင့်သူ | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ |
| ၂ | ဒေါ်ဆွေဇင်ဦး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၃ | ဦးသန့်ထွန်း | ငွေစာရင်းကိုင် | |
| ၄ | ဦးတင်စိန် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ထွေးငယ် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးထွန်းလူ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်ဘယ်နဒဲသာ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးသက်အေး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ထူးဖော | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးထူးစော | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်နော်လားစေး | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဦးဖိုးထော | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ခင်လှ | စေတနာ့ဝန်ထမ်း | |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ ဖောင်းဖြည့်ရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီဖောင်းဖြည့်ရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် ဦး ကျော်ဦး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-459387066 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးဝင်းမြင့် | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၃၈ /၉ | ဘာသာ (၁) ခရစ်ယာန် | ၃၈ /၉ |
| လူမျိုးစု (၂) ဗမာ | ၅၀ ၃၈ | ဘာသာ (၂) ဗုဒ္ဓ | ၃၈ ၅၀ |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော ကသည်း၊ ပအိုဝ်း၊ ကချင် | ၅ | ဘာသာရော [illegible]၊ ဗုဒ္ဓ | ၅ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 184 | 196 |
| လူမျိုးစု (၁) ကရင် | ၉၀ | ၇၆ |
| လူမျိုးစု (၂) ဗမာ | ၈၉ | ၁၁၄ |
| လူမျိုးစု (၃) ကသည်း၊ ပအိုဝ်း၊ ကချင် | ၅ | ၆ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၃ | ၁၁ |

380

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ ✗ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ ✓ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ ✗ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| [illegible] | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: (ရှိပါသည်) မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် ၂၀၁၂/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ [illegible]

ခြောက်သွေ့ရာသီတွင်ကြာချိန် [illegible]

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ————

မိုးရာသီတွင်ကြာချိန် [illegible]

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ————

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) ————

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] ရက်စွဲ 3-2-2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] ရက်စွဲ 3. 2. 2017

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

### ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝင်းမြင့်ဦး (CF)


နေ့စွဲ ၃၁.၂.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖယ်ခဲ့ | ကျေးရွာအုပ်စု ဖယ်ခဲ့ | ကျေးရွာ ဝဲကန်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃၁.၁.၂၀၁၇ | ၃၁.၁.၂၀၁၇ | ၁၆ | ၃၈ | ၃၈ | ၁၈/၁၂/၂၄ ရှမ်း/ကရင်/လူမျိုးရော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၂.၂၀၁၇ | ၅.၂.၂၀၁၇ | ၁၈ | ၁၅ | ၃၃ | ၁၈/၁၂/၃ ရှမ်း/ကရင်/လူမျိုးရော |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၇.၂.၂၀၁၇ | ၇.၂.၂၀၁၇ | ၁၁ | ၆ | ၁၇ | ၄/၆/၄/၃ ကရင်/ကယန်း/ရှမ်း/လူမျိုးရော |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၃.၂၀၁၇ | ၁၀.၃.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂.၄.၁၇ | ၂.၄.၁၇ | ၂၅ | ၁၄ | ၃၉ | ၂၀/၁/၁၈ ကရင်/ကယန်း/ရှမ်း |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၂.၄.၂၀၁၇ | ၂.၄.၁၇ | ၇ | ၆ | ၁၃ | ၅/၈ ကရင်/ရှမ်း |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မည့် ရပ်ရွာလူထုအစည်းအဝေးတွင် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။


| | | | |
|---|---|---|---|
| ရပ်ရွာလူထုအဖွဲ့ဝင်/တာဝန်ခံ အမည် ဦး၀င်းမြင့်ဦး (CF) | | | |
| နေ့စွဲ ၃၁ . ၁ . ၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖရူဆို | ကျေးရွာ ဝမ်ကန် |

၈။ အခက်အခဲအတားအဆီးများအား ဖော်ထုတ်ခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သောက်သုံးရေ မလုံလောက်ခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | ကျေးရွာစာကြည့်တိုက် မရှိခြင်း | ၂ | အလုပ်သမားခ တန်းတူ မရရှိခြင်း |
| ၃ | ကျောင်း ခြံစည်းရိုး မရှိခြင်း | ၃ | အလုပ်အကိုင် အခွင့် အလမ်း မရှိခြင်း |
| ၄ | ကျေးရွာခန်းမဆောင် မရှိခြင်း | ၄ | ကျောင်း ခြံစည်းရိုး မရှိခြင်း |
| ၅ | | ၅ | စိုက်ပျိုးရေး အသိပညာ နည်းပါးခြင်း |
| | | ၆ | ကျေးရွာတွင်း လမ်းကြား မကောင်းခြင်း |
| | | ၇ | ကျေးရွာ ဘောလုံးကွင်း မရှိခြင်း |

၉။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် မျှော်လင့်ခြင်း | ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် မျှော်လင့်ခြင်း |
| ၂ | ကျေးရွာစာကြည့်တိုက် ရရှိရန် မျှော်လင့်ခြင်း | ၂ | ကျေးရွာစာကြည့်တိုက် ရရှိရန် မျှော်လင့်ခြင်း |
| ၃ | ကျေးရွာဘောလုံးကွင်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း | ၃ | ကျေးရွာဘောလုံးကွင်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း |
| ၄ | ကျောင်း ခြံစည်းရိုး တည်ဆောက်ခြင်း | ၄ | ကျောင်း ခြံစည်းရိုး တည်ဆောက်ခြင်း |
| ၅ | ကျေးရွာလူထုစည်းဝေးရန် ကျေးရွာခန်းမ ရရှိရန် | ၅ | လုပ်အားခ တန်းတူ ရရှိရန် |
| ၆ | ကျေးရွာဈေးတန်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း | ၆ | ကျေးရွာတွင်း လမ်း ပြုပြင်ရန် |
| ၇ | လူမှုကူညီမှု ယာဉ်ရရှိရန် | ၇ | ကျေးရွာဈေးတန်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း |



(ရ) လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်း(ခြံ)စည်းရိုး ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | ၇၀၀၀၀၀၀ | ၃၈၀ |
| ၂ | ဈေးရှာလမ်း ပြုပြင်ခြင်း | အမျိုးသမီး | | ၃၈၀ |
| ၃ | ရေပိုက်လိုင်း သွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | | ၃၈၀ |
| ၄ | ဆုံးမဆောင်ဝိုင်းချုံ ဆောက်လုပ်ခြင်း | အမျိုးသား + အမျိုးသမီး | | ၃၈၀ |
| ၅ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | အမျိုးသား | | ၃၈၀ |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |


(လ) လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | သက်မွေးပညာသင်တန်းပို့ပိုးခြင်း | အမျိုးသမီး | |
| ၂ | မွေးမြူရေး အသိပညာပေး သင်တန်း | အမျိုးသား | |
| ၃ | စိုက်ပျိုးသီးနှံ ဈေးကွက်ရှာဖွေရန် | အမျိုးသား | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ဖော်ပြပါအတိုင်း ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအောင်ချမြင့် လက်မှတ် ........ နေ့စွဲ ၃၁.၁.၁၇

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ပန့်ထမ်းအမည် ဦးဝင်းမြင့်ဦး (CF) | |
| နေ့စွဲ ၂၁-၂-၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| | | | | □ ကျား □ မ □ ကျား+ မ | | - | - | |
| | | | | □ ကျား □ မ □ ကျား+ မ | | - | - | |
| | | | | □ ကျား □ မ □ ကျား+ မ | | - | - | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ 21.2.2017

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

ဆာမာရီဖီ ကျေးရွာ အစည်းအဝေး

မြို့နယ် = မတူပီ၊ မြို့နယ်

ကျေးရွာအုပ်စု = ဖုယ်ဘုံ၊ ကျေးရွာအုပ်စု

ကျေးရွာ = ဝဖ်ကန် ကျေးရွာ

နေရာ = ဝဖ်ကန် ဘုန်းကြီးကျောင်း၊

အချိန် = ညဝ (၇း၀၀ နာရီ မှ ၁၁း၀၀ နာရီ)

နေ့စွဲ = 31.1.2017

တက်ရောက်သူဦးရေ = အမျိုးသား (၇၆)ဦး၊ အမျိုးသမီး (၅၁)ဦး၊

(၁) ကျေးရွာဥက္ကဋ္ဌ ကိုယ်တိုင်း သဘာထား ဆော့မှ အဖွင့်အမှာစကား ပြောကြားခြင်း ။ ။ လူထုဗဟိုပြု စီမံကိန်းသည် ကျေးရွာလူထုကို အခြေပြုကာ ပြည်သူဆောင်သော စီမံကိန်း ဖြစ်၍ အလေးထားသင့်ကြောင်းနှင့် အစည်းအဝေးကို အစမှ အဆုံး တက်ကြွစွာ ပါဝင်ဆွေးနွေးပေးပါရန် လူထုကို အမှာစကား ပြောကြားပါသည်။

(၂) ဦး ... မှ ဦးဆောင်ဖွင့်ကြားပြီး၊ စီမံကိန်း ဝန်ထမ်းများ ... ပါသည်။ ...

ကာလာနယ်မှ ရှင်းပြသွားပါသည်။

(၃) လူထုဗဟိုပြု စီမံကိန်း၏ ... ကို ဦး ... မှ ရှင်းပြ ... များကို ရှင်းပြပေးပါသည်။

၈း၀၀ နာရီတွင် ဆောရှာ ဝန်ထမ်းကို အဆိုတင်သွင်း ရွေးပြကြသည်။

(က) ဦးဖိုးဝေ = 20 (မဲ)
ဦးတင်မြင့် = ၁၀ (မဲ)
ဦးမိုးကျော် = ၁၃ (မဲ)

(ခ) ဒေါ်နှင်းခင်ညွန့် = 16 (မဲ)
ဒေါ်မွေးယယ် = 15 (မဲ)
ဒေါ်ဝင်းကြည်ဆွေ = 12 (မဲ)

မဲအများဆုံးရသူတွင် အမျိုးသားဘက်မှ ဦးဖိုးဝေနှင့် အမျိုးသမီးဘက်မှ ဒေါ်နှင်းခင်ညွန့် တို့က ဆောရှာ ဝန်ထမ်းအဖြစ် ရွေးချယ်ခံရပါသည်။

၈း၃၀ နာရီတွင် လူထုဆွေးနွေးခြင်းကို ပြန်လည်ဆုံးဖြတ်ရန်အတွက် သီးသီးသန့်သန့် ဆွေးနွေးပါသည်။ လူထုအစည်းအဝေး အဖွဲ့ဝင်မှ ဆွေးနွေး ကိုဦးဝင်းမြင့်က အထောက်အကူပြု ထောက်ခံကြောင်း ပြောဆိုပြီး အမည်ကို ဒေါ်ယဉ်ဦးက ထောက်ခံပါသည်။ မင်းမိုးကို ဦးမြင့်ထွန်းကောင်း အဆိုပြုပြီး အမည်ကို ဒေါ်လဲ့လဲ့ဝေ ဒေါ်နှင်းနု တို့မှ ဆွေးနွေးပါသည်။ လူထုပိုင်ဆိုင်မှု ကော်မတီ အမည်ကို ဒေါ်လဲ့လဲ့ဝေ က ထောက်ခံ အဆိုပြုပြီး ကော်မတီ အမည်ကို ဒေါ်ယဉ်ဝေဦးက ထောက်ခံသွားပါသည်။

## ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး ။

မြို့နယ် - ဖယ်ခုံ မြို့နယ်

ကျေးရွာအုပ်စု - ဖယ်ခုံ ကျေးရွာအုပ်စု

ကျေးရွာ - ဝမ်ကန် ကျေးရွာ ။

နေရာ - ဝမ်ကန် ဘုန်းကြီးကျောင်း၊

အချိန် - ည (၇:၀၀ နာရီ မှ ၁၁:၀၀ နာရီ)

နေ့စွဲ - 5.7.2017 (တနင်္ဂနွေနေ့)

တက်ရောက်သူဦးရေ - အမျိုးသား (၁၈) ဦး၊ အမျိုးသမီး (၁၅) ဦး


| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| ၁ | 7:00 pm | | ဖိတ်ကြား၍ မိတ်ဆက် အကျဉ်းချုပ် ရှင်းပြခြင်း။<br>ယနေ့ အစည်းအဝေး၌ ဆောင်ရွက်မည့် အကြောင်းအရာ သုံးသပ်ခြင်း။<br>ကျေးရွာ စေတနာ့ဝန်ထမ်း၊ စီမံခန့်ခွဲမှုကော်မတီ/ ဝယ်ယူရေးကော်မတီ အသီးသီး ၏ တာဝန်နှင့် ဝတ္တရား များ ရှင်းပြခြင်း။ |
| ၂ | 7:45pm | | ကျေးရွာလူထု ပေါင်းပါဝင်မှု နှင့် ကော်မတီဖွဲ့စည်းမှု အပေါ် သုံးသပ်/ဆွေးနွေးခြင်း။<br>**ဆွေးနွေးချက်များ**<br>မိမိတို့ ဝမ်ကန် ကျေးရွာသည် ယခုအခါ ပါဝင်မှု အားနည်းခြင်း၊ ကော်မတီ ရွေးချယ်ရာတွင် ပါဝင်လိုမှု နည်းခြင်း တို့ကြောင့် စီမံကိန်း လုပ်ငန်း ဆောင်ရွက်ရာ၌ အားနည်းချက် ရှိပါက လုပ်ငန်းကြန့်ကြာ မှု တာဝန်ယူ တာဝန်ခံမှု အားနည်း သွားနိုင် ပါသည်။ ထို့ကြောင့် ကျေးရွာ၏ အကျိုး အတွက် ဆောင်ရွက်ကြပါရန် ။ |

| | | | |
|---|---|---|---|
| | | ကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် ကျေးရွာလူထု | ယခုလက်ရှိ ကျေးရွာတွင် ကျေးရွာလူထု၏ ပူးပေါင်း<br>ပါဝင်မှုမှာ မမှန်ပင် အားနည်းနေပါသေးကြောင်း။<br>ယခုပါဝင်တက်ရောက် ဆွေးနွေးကြသူများ အပြင်<br>မိမိတို့ ကျေးရွာ၌ ကျန်ရှိနေသေးသော ကျေးရွာ<br>လူထုများ အားလုံးသည် ယခုဖော်ဆောင်လျက်ရှိသော<br>လူထုဗဟိုပြု စီမံကိန်း ကို လက်တွဲ၍ ပါက ကြီးမား<br>သော အကျိုး ရှိမှ ဖြစ်မည် ဖြစ်ကြောင်း၊ ယခုဆွေး<br>နွေးပွဲတွင် တက်ရောက်လာသူများသည် ကျန်ရှိနေ<br>သေးသော ကျေးရွာလူထုများမှ ထွက်ပေါ်လာမည့်<br>စကားသံ၊ ပြဿနာ၊ စီမံကိန်း၏ ပေါ် မရှင်းလင်းချက်<br>များ အားလုံး တာဝန်ယူ မည် ဖြစ်ကြောင်း၊ ထိုသို့<br>သော လူထုကို လည်း စီမံကိန်း နှင့် ပါတ်သက်သော<br>သိကောင်းစရာ အချက်အလက်များ၊ အကြောင်းအရာ<br>များ၊ သတင်းစကားများကို ဖြန့်ဝေသည့် ပြောပြမည်<br>ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသည့် သူများ<br>သည် ကျန်ရှိနေသော၊ အားလုံးလက် ဆွေးနွေးသွား<br>မည့် အကြောင်း၊ ဆရာများ အပေါ် ကျေးရွာကိုယ်<br>စားပြု ဆွေးနွေးသွား မည်ဖြစ်ကြောင်း၊ နောက်ပိုင်း<br>ငွေ သုံးစွဲရာတွင် လည်း အသိပြု တင်ပြသွားမည့်<br>ကိုယ်စားလှယ်များ ယခု ဆွေးနွေးပွဲ ပါဝင်တက်ရောက်<br>နိုင်ကြောင်း မဒ္ဒပါက လည်း ထိုသူတွေ ထောက်ပံ့ပည်း<br>ကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် တကွ ယခုဆွေးနွေးပွဲ<br>တွင် တက်ရောက်လာသူများ သည် တာဝန်ယူ မည်<br>ဖြစ်ကြောင်း၊ ယခုဖော်ဆောင်လျက်ရှိသော စီမံကိန်းသည်<br>မိမိတို့ ကျေးရွာတွင် ဆက်လက် ဖော်ဆောင် သွားမည်<br>ဖြစ်ပါကြောင်း၊ ပါဝင်တက်ရောက် ဆွေးနွေးကြသော<br>ကျေးရွာလူထု နှင့် အုပ်ချုပ်ရေးမှူး နှင့် ရပ်မိရပ်ဖ<br>များ တို့ မှ ထောက်ခံ တည်ပြု ဆွေးနွေး သွား ပါသည်။ |

| | | | |
|---|---|---|---|
| ၂ | ၈း၃၀pm | | **အခက်အခဲ အတားအဆီးများအား ဆွေးနွေးခြင်း**<br><br>အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ<br><br>- ရေလုံလောက်မှု မရှိခြင်း<br>- အသိပညာဗဟုသုတ ရနိုင်မည့် စာကြည့်တိုက် မရှိခြင်း<br>- အလယ်တန်း ကလေးများ ပညာသင်ယူနိုင်မှု အလှမ်းဝေးခြင်း<br>- ကျေးရွာလုံးဆိုင်ရာ ခန်းမ မရှိခြင်းကြောင့် အစည်းအဝေး တွေ့ဆုံပွဲများ အတွက် အခက်အခဲရှိခြင်း<br>- အိမ်ထောင်ဦးစီးများ အသောက်အစား ရှိခြင်းကြောင့် မိသားစု ပြဿနာ ဖြစ်ခြင်း<br>- ဒေသထွက် သီးနှံ ဈေး မငြိမ်ခြင်း၊ ဈေးချိုးခြင်းကြောင့် ဝင်ငွေ အခက်အခဲရှိခြင်း<br><br>အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ<br><br>- စားဝတ်နေရေး (ငွေကြေး) အခက်အခဲရှိခြင်း<br>- အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း<br>- နွေအခါ သောက်သုံးရေ မလုံလောက်သည့် အခက်အခဲ ရှိခြင်း<br>- လျှပ်စစ်မီး အိမ်တိုင်း လုံလောက်စွာ မပေးသည့် အခက်အခဲ<br>- ကျန်းမာရေးအတွက် ထောက်ပံ့ပေးနိုင်မှု အားနည်း၍ အခက်အခဲ ရှိခြင်း<br>- စိုက်ပျိုးရေး အသိပညာ နည်းပါးသည့် အခက်အခဲ ။<br>- ကလေးများ ကစားရန် နေရာ မရှိသည့် အခက်အခဲ ရှိခြင်း ။<br>- ဒေသထွက် သီးနှံဈေး တည်ငြိမ်မှု မရှိသည့် အတွက်ဝင်ငွေ အခက်အခဲ ရှိခြင်း ။<br>- အိမ်မှုကိစ္စ ဦးဆောင်ရာတွင် အမျိုးသမီးများသာ လုပ်နေရ၍ အခက်အခဲ ရှိခြင်း<br>- ကျား မ လုပ်အားခ တန်းတူ မရသည့် အခက်အခဲ ရှိခြင်း<br>- အလယ်တန်း၊ အထက်တန်း ကလေး ပညာရေး အလှမ်းဝေးသည့် အခက်အခဲရှိခြင်း<br>- ရွာတွင်း လမ်းကြောင်း သွားလာရ ခက်ခဲခြင်း |

| | | | |
|---|---|---|---|
| 4 | ၃:၀၀ pm | | **ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်များဆွေးနွေးခြင်း**<br><br>**အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ**<br>- ရေလုံလောက်စွာရရှိရန်<br>- ကျေးရွာပိုင် လူမှုကူညီရေး ယာဉ်ရရှိရန်<br>- အလယ်တန်းကျောင်း ရရှိရန်<br>- အိမ်တိုင်းမီး ရရှိနိုင်ရန်<br>- အဆောက်အအုံများ (အားကစားကွင်းများဆောက်လုပ်ရန်၊ ဓမ္မာရုံ တိုးချဲ့နိုင်ရန်<br>- ကျေးရွာ စာကြည့်တိုက် ရရှိရန်<br>- ကျေးရွာပိုင်ခန်းမဆောင်ရရှိရန်<br>- စိုက်ပျိုးသီးနှံ များ ဈေးကွက်ကောင်း ရရှိရန်<br>- အသိပညာ၊ အတတ်ပညာ ပိုမို ဖွံ့ဖြိုးရန်<br>- ပျက်စီး သွားသော လယ်ယာမြေ များ ပြန် လုပ်ကိုင်နိုင် ရန်<br>- ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ များ ထောက်ပံ့ငွေ ရရှိ နိုင်ရန်<br><br>**အမျိုးသမီးအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ**<br>- အလယ်တန်း ကျောင်း ဆောင်ရရှိရန်<br>- ရွာတွင်း ကတ္တရာလမ်း ကောင်းမွန်စေရန်<br>- ရေပိုက်လိုင်း နှင့် ရေလှောင်ကန် ထားရှိပေးရန်<br>- ကျားမ လုပ်အားခ တန်းတူ ရရှိရန်<br>- စာကြည့်တိုက် ထားရှိပေးရန်<br>- ဖိုစုံ ရရှိရန်<br>- အိမ်တိုင်း လျှပ်စစ်မီး ရရှိရန်<br>- ဒေသထွက် သီးနှံဈေး မြင့်/ကောင်း လာစေရန်<br>- ကလေး ကစားကွင်း ထားရှိပေးရန်<br>- ခန်းမဆောင် ရှိလာစေရန်<br>- အိမ်တွင်းမှု သင်တန်းများ ပေးရန် |

| | | | |
|---|---|---|---|
| ၅ | ၉:၃၀ pm | | <u>ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက် ဦးစားပေးလုပ်ငန်း</u><br><u>သတ်မှတ်ခြင်း</u><br><br>၁။ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်း (က+ခ)<br>၂။ အလယ်တန်းကျောင်းဆောင် အသစ်ရရှိရန် (က)<br>၃။ ဘုရားသို့ တိုက် အသစ်။ (က)<br>၄။ ဘာသာကျောင်း ခြံစည်းရိုး အုတ်တံတိုင်း ရရှိရန် (ခ)<br>၅။ ကျေးရွာပိုင် ခန်းမဆောင် ရရှိရန် (အသစ်)။ (က)<br>၆။ ရွာတွင်းလမ်း (ကွန်ကရစ်) မြေမြှင့် တိုးချဲ့ခြင်း။ (ခ)<br>၇။ မူကြိုကျောင်း (အသစ်) ရရှိရန်။ (ခ)<br>၈။ ဆိပ်တိုင်း မီးလင်းရန်။ (က)<br>၉။ သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးသွားသော<br>လယ်ယာမြေများ ပြန်လည်ပြုပြင်ခြင်း။ (က)<br>၁၀။ ဆေးမြစ်ရေး အသိပညာပေး သင်တန်း။ (က)<br>၁၁။ ကလေးများ ကစားကွင်း။ (ခ)<br>၁၂။ ဆိုင်တွင်းမှု သင်တန်း။ (ခ)<br>၁၃။ ဘောလုံးကွင်း ဖောက်လုပ်ခြင်း။ (ခ)<br>၁၄။ စိုက်ပျိုးသီးနှံများ ဈေးကွက်ရရန်။ (က)<br>၁၅။ ကျေးရွာပိုင်ဓနိယာ တိုးချဲ့ခြင်း။ (ခ)<br>၁၆။ ဝပ်ရှော့ သင်တန်းတက်ရောက်ခြင်း။ (ခ)<br><br>ပထမ ၃နှစ်တွင် အကျုံးဝင်သော လုပ်ငန်းများကို<br>ထပ်သတ်မှတ်ခြင်း။<br>၁။ ရေပိုက်သွယ်တန်းခြင်း။ (က+ခ)<br>၂။ ကျောင်း ခြံစည်းရိုး အုတ်တံတိုင်း ဆောက်လုပ်ခြင်း။<br>(ခ)<br>၃။ ရွာတွင်း ကွန်ကရစ်လမ်း တိုးချဲ့ခြင်း။ (ခ)<br>၄။ သဘာဝဘေးကြောင့် ပျက်စီးသွားသော လယ်ယာ<br>မြေများ ပြန်လည်ပြုပြင်ခြင်း။ (က) |



| | | | |
|---|---|---|---|
| ၅ | ၁၀:၀၀pm | | ကျေးရွာကော်မတီရွေးချယ်ခြင်း<br><br>ကျေးရွာ ဦးဆောင် ဥက္ကဋ္ဌ<br>- ဦးနောင်သူဖြိုး<br>- ဒေါ်ဘွေနန်းဦး<br><br>ငွေစာရင်းကိုင်<br>- ဦးသန်းထွန်း<br><br>ဝယ်ယူရေး ဆပ်ကော်မတီ<br>- ဦးတင်မြင့်<br>- ဒေါ်ထွေးယဉ်<br><br>စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ<br>- ဦးထွန်းလှ<br>- ဒေါ်သာယာနုဝင်း<br><br>လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ<br>- ဒေါ်ထွေးဝေ<br>- ဦးသက်အေး<br><br>ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ဆပ်ကော်မတီ<br>- ဒေါ်လှသားဝေ<br>- ဦးထွေးဝေ<br><br>- အဆိုပြုစီမံကိန်း ပုံစံ ရှင်းပြခြင်း။<br>- [illegible]<br>- COC နှင့် ထ-၂ လက်မှတ်ရေးထိုးခြင်း။<br><br>- ကျေးရွာ တင်ပြချက်များ ဆွေးနွေးခြင်း။ |
| ၆ | ၁၁:၀၀pm | | - ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး ရုပ်သိမ်းခြင်း။ |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ဝမ်ကန်ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | မ | | | |
| | ၂ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | ကျား+မ | | | |
| | ၃ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ကျား | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | သက်မွေးပညာသင်တန်းပို့ချခြင်း | မ | | | |
| | ၂ | မွေးမြူရေးဘာသာရပ်ပညာပေးသင်တန်း | ကျား | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ရေပိုက်လိုင်း သွယ်တန်းခြင်း | ကျား+မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေး | ၁ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ကျား+မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ဆိုက်ကပ်ပိုး သီးနှံဈေးကွက်ရရှိရေး | ကျား | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |